# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 31, 2019 Volume 24, Number 19


**၃၁.၁၀.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၇၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၈/- ကျပ် |
| CBM Rate | = ၁၅၂၅.၅ /ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၁.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၅.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၅.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၈၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၅၃၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ပြည်ပရှိ အိမ်ရာစီမံကိန်းများကိုပါ ရောင်းဝယ်ပေးမည့် အကျိုးဆောင်ကုမ္ပဏီဈေးကွက်တွင်း ဝင်ရောက်




ယနေ့ခေတ်ရေစီးကြောင်းအရ ငွေကြေးတတ်နိုင်သော မိသားစုများမှာ အိမ်နီးချင်းနိုင်ငံများသို့ မကြာခဏသွားရောက်လည်ပတ်လေ့ရှိပြီး အိမ်ခြံမြေဈေးကွက်ကောင်းသောနိုင်ငံများတွင် ဒုတိယအိမ်အဖြစ်သတ်မှတ်ကာ ဝယ်ယူ နေထိုင်လာကြသည်ဟု JSS အကျိုးဆောင်ကုမ္ပဏီမှ ဒါရိုက်တာ မအိအိနွယ်ကပြောသည်။ ပြည်တွင်းက အိမ်ရာစီမံကိန်းတွေကိုတော့ အဓိကထားရောင်းပေးတယ်၊ ဒ့ါပြင် ပြည်ပ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ဘန်ကောက်၊ စင်ကာပူ၊ ဟောင်ကောင်၊ UAE, UK ၊ မလေးရှားနဲ့ ဂျပန်တို့မှာရှိတဲ့ ကွန်ဒိုမီနီယံစီမံကိန်းတွေကိုပါ ယူရောင်းပေးပါတယ်ဟု ၎င်းကဆိုသည်။ လက်ရှိတွင်JSS အကျိုးဆောင်ကုမ္ပဏီမှ ဘန်ကောက်မြို့ရှိ မြန်မာနိုင်ငံသား အများစုသွားရောက်လေ့ရှိကြသော ဆေးရုံများ၊ ဈေးဝယ်စင်တာများ၊ လည်ပတ်စရာနေရာများနှင့် အနီးဆုံးတွင်တည်ရှိသော စီမံကိန်းများကို စတင်ပြသပေးထားကြောင်းသိရသည်။ အချို့က ကျန်းမာရေးအတွက်သွားတယ်၊ တချို့က ပညာရေးအတွက်၊ တချို့က အလည်အပတ်စသဖြင့်သွားကြတာရှိတယ်၊ ဒ့ါပြင် ရင်းနှီးမြှုပ်နှံမှုအနေနဲ့လည်း ပြည်ပကွန်ဒိုစီမံကိန်းတွေကို အရင်ကထက် စိတ်ဝင်တစားရှိပြီး ဝယ်ယူလာကြတာကိုတွေ့ရတဲ့အတွက် ဒီကဏ္ဍကိုလည်း ဝန်ဆောင်မှုပေးဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်ဟု မအိအိနွယ်ကပြောသည်။

JSS ကုမ္ပဏီမှ ပြည်တွင်းပြည်ပမှ ကွန်ဒိုပရောဂျက်များသာမက တိုက်ခန်းများ၊ မီနီကွန်ဒိုနှင့် ကွန်ဒိုအခန်းများ၊ လုံးချင်းတိုက်အိမ်များ၊ အရောင်းပြခန်းများ၊ ရုံးခန်းများ၊ ဂိုဒေါင်များနှင့် စက်ရုံများအတွက် ရောင်း၊ ဝယ်၊ ငှား ဝန်ဆောင်မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။ အိမ်ခြံမြေဈေးကွက်အနေအထားအရ

ကောင်းမွန်နေသည့်အချိန်မဟုတ်သော်လည်းလက်ရှိအနေအထားအရ အကောင်းဆုံးဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး အဓိကအားဖြင့် ဝယ်သူများ စိတ်ကျေနပ်မှုရရှိစေရေးကို အဓိကဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း မအိအိနွယ်ကဆိုသည်။ ဝန်ဆောင်မှုပေးရာတွင် လွယ်ကူအဆင်ပြေစေရန် ဘာသာစကား သုံးမျိုး တတ်ကျွမ်းသည့် ဝန်ထမ်းများဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး အထူးဝန်ဆောင်မှုအနေဖြင့် ဝယ်ယူပြီးနောက် ဝန်ဆောင်မှုကို အခမဲ့ပေးသွားမည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။ JSSအကျိုးဆောင်ကုမ္ပဏီကို ၂၀၁၉ ခုနှစ် ဇွန်လကစတင် တည်ထောင်ခဲ့ပြီး အိမ်ခြံမြေရောင်း၊ ဝယ်၊ ငှားလုပ်ငန်းများအပြင် ပြည်တွင်း၊ပြည်ပအိမ်ခြံမြေ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းများကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/130289.html

## Brexit အား ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ ရွှေ့ဆိုင်းထားရန် အီးယူသဘောတူ

ဗြိတိန်ခွဲထွက်မှုကိစ္စရပ် (Brexit )သက်တမ်းတိုးကာလအား ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ တိုးမြှင့်သွားရန် ဗြိတိန်၏တောင်းဆိုချက်အပေါ် ဘရပ်ဆဲလ်မြို့၌ ပြုလုပ်ခဲ့သည့် အီးယူအဖွဲ့ဝင် (၂၇)နိုင်ငံ၏ သံအမတ်ကြီးများ၏ အစည်းအဝေးတွင် သဘောတူညီခဲ့ကြောင်းသိရှိရပါသည်။ သို့သော်လည်း ၎င်းကိစ္စရပ်အတွက် တရားဝင်ထုတ်ပြန်ကြေငြာသည့် ဆုံးဖြတ်ချက်ကို အီးယူခေါင်းဆောင်များက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ၂၉.၁၀.၂၀၁၉ နေ့တွင် ထုတ်ပြန်နိုင်မည်ဟု မျှော်လင့်ထားကြောင်းသိရှိရပါသည်။ အီးယူမှ ဗြိတိန်ခွဲထွက်ရေးနှင့်စပ်လျဥ်း၍ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် အီးယူခေါင်းဆောင်များအကြား သဘောတူညီချက်(မူကြမ်း)ကို ရရှိခဲ့ကြသော်လည်း ၎င်းသဘာတူညီချက်အပေါ် ဗြိတိန်ပါလီမန်မှ အတည်မပြုခဲ့ခြင်းဖြစ်ပါသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးမှုတွင် Brexit ရွှေ့ဆိုင်းရန်ကိစ္စအပေါ် ပြင်သစ်နိုင်ငံအနေဖြင့် ကန့်ကွက်မှုရှိခဲ့သော်လည်း ပြင်သစ်နိုင်ငံသမ္မတနှင့် ဗြိတိန်ဝန်ကြီးချုပ်တို့အကြား ဖုန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့ပြီးနောက်တွင် ပြင်သစ်နိုင်ငံမှ ၎င်း၏ကန့်ကွက်မှုကို ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်ဟု သိရှိရပါသည်။ ဗြိတိန်ခွဲထွက်မှုသက်တမ်းတိုးကာလအတွက် လုပ်ထုံးလုပ်နည်းများပါဝင်သည့် ဥပဒေရေးရာအချက်အလက်များအားလုံးကို ပြင်ဆင်ခြင်းမရှိဘဲ အီးယူအဖွဲ့ဝင်နိုင်ငံများ၏ သံတမန်များက သဘောတူညီခဲ့ကြပြီး၊ အဆိုပါ Brexit ရွှေ့ဆိုင်း ထားခြင်းသည် ဗြိတိန်ခွဲထွက်မှုသဘောတူညီချက်အတွက် ထပ်မံ၍စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန်အတွက် အသုံးပြုနိုင်မည်မဟုတ်ကြောင်း၊ ဗြိတိန်နိုင်ငံအနေဖြင့် အီးယူမှ နှုတ်ထွက်မည့် နေ့ရက်မတိုင်မီအထိ အီးယူ၏အဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သဖြင့် သက်တမ်းတိုးကာလအတွင်း ဗြိတိန်နိုင်ငံသည် ၎င်း၏ အီးယူကော်မရှင်နာကို ခန့်အပ်ရမည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထားသည်ဟု သိရှိရပါသည်။

**Source: https//www.politico.eu**

**စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## အီးယူ၏ လယ်ယာထွက်စားသောက်ကုန်တင်ပို့မှု တိုးတက်လျက်ရှိ

၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် အီးယူ၏ လယ်ယာထွက်စားသောက်ကုန်တင်ပို့မှုတန်ဖိုး ယူရို ၁၂.၀၇ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဩဂုတ်လနှင့်နှိုင်းယှဉ်ချက်အရ ၅.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ လယ်ယာထွက်စားသောက်ကုန်တင်သွင်းမှုမှာ ယူရို ၉.၁၄ ဘီလီယံဖြင့် ၀.၂ ရာခိုင်နှုန်းကျဆင်းခဲ့ရာ အီးယူသည် လယ်ယာထွက်စားသောက်ကုန် ကုန်သွယ်မှုအပိုင်းတွင် ယခုနှစ် ဩဂုတ်လအတွက် ကုန်သွယ်မှုပိုငွေ ယူရို ၂.၉၃ ဘီလီယံရှိခဲ့ကြောင်း ဥရောပကော်မရှင်ကထုတ်ပြန်ခဲ့သည့် လစဉ်အစီရင်ခံစာအရ သိရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လနှင့်နှိုင်းယှဉ်ချက်အရ အီးယူမှ လယ်ယာထွက်စားသောက်ကုန် တင်ပို့မှု အများဆုံးတိုးတက်ခဲ့သည့်နိုင်ငံများမှာ တရုတ်နိုင်ငံ (ယူရို ၂၈၃ သန်း)၊ အမေရိကန်ပြည်ထောင်စု (ယူရို ၁၉၂ သန်း)နှင့် ဂျပန်နိုင်ငံ (ယူရို ၆၉ သန်း) အသီးသီးဖြစ်ကြကြောင်း၊ အီးယူမှ လယ်ယာထွက်စားသောက်ကုန်တင်ပို့မှုကျဆင်းခဲ့သည့် နိုင်ငံများမှာ ဟောင်ကောင်နှင့်လစ်ဗျား (ယူရို ၆၆ သန်း)၊ အယ်လ်ဂျီးရီးယား (ယူရို ၄၈သန်း)တို့ဖြစ်ကောင်းသိရပါသည်။ အီးယူသို့ လယ်ယာထွက်စားသောက်ကုန် တင်သွင်းမှုတိုးတက်ခဲ့သည့် နိုင်ငံများမှာ ယူကရိန်း (ယူရို ၁၉၈ သန်း)၊ ဘရာဇီးလ် (ယူရို ၉၄ သန်း)၊ ကနေဒါ (ယူရို ၇၄ သန်း)တို့ဖြင့် အသီးသီးတင်သွင်းမှုတိုးတက်ခဲ့ကြောင်း၊ တင်သွင်းမှုကျဆင်းခဲ့သည့်နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု (ယူရို ၁၅၃ သန်း)၊ တောင်အာဖရိက (ယူရို ၅၉ သန်း)နှင့် အင်ဒိုနီးရှား (ယူရို ၅၁ သန်း)တို့ဖြစ်ကြကြောင်းသိရပါသည်။ အီးယူ၏ လယ်ယာထွက်စားသောက်ကုန်တင်ပို့မှုတွင် အမယ်အလိုက် တင်ပို့မှုတန်ဖိုးတိုးတက်ခဲ့သည့် ကုန်စည်များမှာ ဂျုံ၊ ဝက်သား၊ အရက်နှင့် ယမကာ၊ နို့မှုန့်နှင့် ဒိန်ခဲများဖြစ်ကြ

ကြောင်း၊ တင်ပို့မှုကျဆင်းခဲ့သည့် ကုန်စည်အမယ်များမှာ တိရိစ္ဆာန်အရှင်များ၊ သကြားမုံလာနှင့် ကြံ၊ သားရေကြမ်းများ၊ ဟင်းသီးဟင်းရွက်ဆီနှင့် ဘီယာတို့ဖြစ်ကြောင်းသိရပါသည်။ အလားတူ အီးယူသို့ လယ်ယာထွက်စားသောက်ကုန် တင်သွင်းမှု အပိုင်းတွင် တိုးတက်လာသည့်ကုန်စည်များမှာ ဆီထွက်သီးနှံများ (ပဲပုပ်စေ့မပါ)၊ ကောက်ပဲသီးနှံများ (Coarse cereals)၊ အီသနော၊ ဂျုံ၊ သကြားမုံလာနှင့်ကြံတို့ဖြစ်ကြပြီး၊ တင်သွင်းမှုကျဆင်းခဲ့သည့် ကုန်စည်များမှာ Unroasted coffee and tea ၊ စားအုန်းဆီ၊ ရှောက်/သံပုရာမျိုးဝင်သစ်သီးများနှင့် အသီးဖျော်ရည်များဖြစ်ကြကြောင်း ဥရောပကော်မရှင်၊ လယ်ယာစိုက်ပျိုးရေး နှင့်ကျေးလက်ဖွံ့ဖြိုးရေးဌာန၏ သတင်းဖော်ပြချက်အရသိရှိရပါသည်။

**Source: https//ec.europa.eu**

**စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## အီးယူ၏ လက်လီကုန်သွယ်မှုတွင် တိုးတက်မှုရရှိခဲ့ခြင်း

ဈေးနှုန်းပိုင်းတိုးတက်မှုကြောင့် အီးယူ၏ လက်လီကုန်သွယ်မှုသည် တိုးတက်လျက်ရှိခဲ့ပြီး၊ အဓိကအားဖြင့် ခရိုအေးရှား နိုင်ငံ အပါအဝင် အရှေ့ဥရောပနိုင်ငံများ၏ တိုးတက်မှုကြောင့် ထိုသို့တိုးတက်မှုရရှိခဲ့ခြင်း ဖြစ်ကြောင်းသိရှိရပါသည်။ အီးယူ၏ လက်လီကုန်သွယ်မှုတိုးတက်ခဲ့မှုမှာ ဈေးနှုန်း ပိုင်းဆိုင်ရာ တိုးတက်မှုရှိခဲ့၍ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၏ ဒုတိယသုံးလပတ်တွင် လက်လီ ကုန်သွယ်မှု၌ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ခြင်းမှာ အဓိကအားဖြင့် ဈေးနှုန်းတိုးတက်ခဲ့မှု (Price Growth)ကြောင့်ဖြစ်ပြီး၊ ဥရောပ၏ လက်လီကုန်သွယ်မှု၏ အခြေအနေကောင်းမွန်မှုကိုဖော်ပြနိုင်သည့် ပမာဏပိုင်းတိုးတက်မှု (Quantity Growth)မှာမူ တန့်နေသည့် အခြေအနေတွင်သာရှိနေကြောင်းသိရှိရပါသည်။ ဥရောပ၏ လက်လီကုန်သွယ်မှုတွင် ပမာဏပိုင်းတိုးတက်မှု တန့်နေသည့်အခြေအနေမှာ အနောက်ဥရောပနိုင်ငံများ၏ စားသောက်မှုပုံစံကြောင့်ဖြစ်ပြီး၊ ခရိုအေးရှားနိုင်ငံအပါအဝင် အရှေ့ဥရောပနိုင်ငံများ၏ လက်လီရောင်းချမှုမှာ တိုးတက်မှုရှိခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးအနေဖြင့်ကြည့်ပါက စားသုံးသူများ၏ အခြေအနေမှာ အကောင်းမြင်နိုင်သည့် အခြေအနေတွင် ရှိနေကြောင်း သိရပါသည်။ ၂၀၁၉ ခုနှစ်၊ ပထမ (၈)လအတွင်း အီးယူ၏ လက်လီကုန်သွယ်မှုမှာ ယခင်နှစ်အလားတူကာလနှင့် ပျမ်းမျှနှိုင်းယှဉ်ချက်အရ ၂.၇ ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ကြောင်း၊ ခရိုအေးရှားနိုင်ငံ၏ လက်လီကုန်သွယ်မှုမှာလည်း ၅ ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့ကြောင်း ခရိုအေးရှား ကုန်သည်အသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Josip Zaher က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Source: https//www.total-croatia-news.com**

**စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## မကွေးတိုင်းဒေသကြီး ရေနံချောင်းကြက်သွန်နီဈေးမြင့်ပြီး အဝယ်လိုက်



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ နယ်ထွက်ကြက်သွန်နီများ ဈေးမြင့်ပြီး အဝယ်သွက်လျက်ရှိကြောင်း ရောင်းဝယ်သူများနှင့် တောင်သူများထံမှသိရသည်။ ကထိန်ရာသီနဲ့ ပွင့်လင်းရာသီမှာ အလှူအတန်းပေါ်များတာ ကြောင့် ကြက်သွန်နီ အဝယ်သွက်တဲ့အပြင် ဈေးလည်းမြင့်လာပါတယ်။ အသစ်လည်း မပေါ်သေးတဲ့အတွက် အခုနှစ် မတ်လကထွက်ရှိတဲ့ ကြက်သွန် အဟောင်းတွေ အဝယ်သွက်တာပါဟု ရောင်းဝယ်သူ ကိုစိုးလွင်က ပြောဆိုသည်။

လက်ရှိတွင် ကြက်သွန်နီကြီးတစ်ပိဿာ ကျပ် ၁၄၀၀၊ အလတ်တစ်ပိဿာ ကျပ် ၁၃၀၀၊ အသေးတစ်ပိဿာ ကျပ် ၁၂၀၀ ပေါက်ဈေးရှိပြီး ယခင်ရက်များက ကြက်သွန်အကြီး ကျပ် ၁၂၀၀၊ အလတ် ကျပ် ၁၁၀၀၊ အသေး ကျပ် ၁၀၀၀ ဈေးရောင်း ရကြောင်းသိရသည်။ အလှူအတန်းများတွင် ငါးခြောက်ကိုအမှုန့်ကြိတ်ပြီး ကြက်သွန်ကြော်နှင့်ရော၍ ငါးခြောက်ထောင်းကြော် အဖြစ်ကျွေးသည့်အတွက် အလှူတစ်ခုလျှင် ကြက်သွန်ပိဿာ ၂၀၀ ကျော်၊ ၃၀၀ နီးပါးသုံးသောကြောင့် အဝယ်သွက်ခြင်း ဖြစ်ကြောင်းဟု ၎င်းကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/130266.html

## အိန္ဒိယကထပ်တိုးဝယ်မည့်သတင်းကြောင့် မတ်ပဲတစ်တန် ကျပ်နှစ်သိန်းခွဲခန့်ဈေးတက်




ပြည်ပသို့ သဘော်ာတင်မည့် တန်ချိန် များပြားနေ၍ ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်နေသလို မတ်ပဲတစ်တန်လျှင်လည်း ကျပ်နှစ်သိန်းခွဲခန့် ဈေးတက်လာကြောင်း ပဲကုန်သည်များထံမှသိရသည်။ ထို့ပြင် အိန္ဒိယ အစိုးရက ကိုတာခွဲတမ်းကာလကို ထပ်မံသက်တမ်းတိုးရန်ရှိနေသဖြင့် ပြည်တွင်းပဲဈေးကွက် လှုပ်ခတ်လာခြင်းဖြစ်သည်။ ဘုရင့်နောင်ရှိ ဝင်းပွဲရုံ ပိုင်ရှင် ဦးရဲမြင့်က လောလောဆယ်တော့ မတ်ပဲအဝယ် လှုပ်နေတယ်။ ပဲစင်းငုံနဲ့ပဲတီစိမ်းကတော့ ပုံမှန်ပါပဲ။ ရန်ကုန်ဈေးကွက်မှာတော့ တစ်ပတ်ကို တန်ချိန် ၈၀၀၀ လောက် အရောင်းအဝယ်ဖြစ်တယ်။ အခု မတ်ပဲဈေးက ကောင်းလာတော့ ဈေးကွက်ထဲ အကြိုက်ဈေး ရလာလို့လည်း ထုတ်ရောင်းလာကြတယ်ဟုပြောသည်။ လက်ရှိ ရန်ကုန်ပဲဈေးကွက်အတွင်း မတ်ပဲအဟောင်းတစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၆၀၀ ကြား၊ အခွံချွတ်အလုံးခြမ်း တစ်တန်လျှင် ကန်ဒေါ်လာ ၈၃၀ မှ ၈၅၀ကြား၊ အခွံပါအခြမ်း တစ်တန်လျှင် ကန်ဒေါ်လာ ၇၂၅ မှ ၇၅၀ ကြား၊ ပဲတီစိမ်းအညာတစ်တန်လျှင် ကန်ဒေါ်လာ ၇၅၀ မှ ၈၀၀ ကြား၊ ပခုက္ကူ တစ်တန်လျှင် ကန်ဒေါ်လာ ၇၈၀ မှ ၈၃၀ ကြား၊ ရွှေဝါအသေး တစ်တန်လျှင် ကန်ဒေါ်လာ ၈၅၀ မှ ၈၇၅ ကြား၊ရွှေဝါအကြီး တစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ မှ ၁၀၀၀ ကြား၊ အခွံပါလုံးသေး အခြမ်းတစ်တန်လျှင် ကန်ဒေါ်လာ ပခုက္ကူ ၉၄၀ မှ ၁၀၂၀ ကြား၊ အခွံချွတ်အလုံးကြီး တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၀၀ မှ ၁၀၉၀ ကြားအသီးသီးဈေးရှိနေသည်။ ပဲစင်းငုံအဟောင်းအနီ တစ်တန် လျှင် ကန်ဒေါ်လာ ၆၃၀ မှ ၆၅၀ ကြား၊ အဖြူတစ်တန်လျှင် ကန်ဒေါ်လာ ၅၇၀ မှ ၅၉၀ကြား၊ ဖြူနီတစ်တန်လျှင် ကန်ဒေါ်လာ ၆၃၀မှ ၆၅၀ကြား အသီးသီးရှိနေသည်။ ကုလားပဲလုံးကြီး တစ်တန်လျှင် ကန်ဒေါ်လာ ၆၀၀ မှ ၆၃၀ ကြား၊ ပဲလွန်းဖြူတစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၅၂၀ ကြား၊ မြေထောက်ပဲတစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ မှ ၉၈၀ ကြား၊ ပဲလွန်းနီတစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၅၃၀ ကြား၊ ပဲထောပတ်တစ်တန်လျှင် ကန်ဒေါ်လာ ၈၂၅ မှ ၈၅၀ ကြား၊ ပဲယဉ်းတစ်တန်လျှင် ကန်ဒေါ်လာ ၅၅၀ မှ ၅၈၀ ကြားအသီးသီး ရှိနေသည်။

၂၀၁၈–၁၉ ဘဏ္ဍာနှစ် ကုန်ဆုံးချိန်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆၄ သန်းကျော် ကန်ဒေါ်လာ တစ်ဘီလျံကျော် ရရှိထားပြီး ယခင်နှစ်ထက် တန်ချိန် သုံးသိန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။ “မတ်ပဲနဲ့ ပဲတီစိမ်းတန်ချိန် နှစ်သိန်းကျော် ပိုမိုတင်ပို့ထားတယ်။ ဈေးနှုန်းကတော့ ကျရင်ကျဈေး၊ တက်ရင်တက်ဈေး အတိုင်းပဲရတော့ ဈေးနှုန်း တည်ငြိမ်တယ် မပြောနိုင်ဘူး”ဟု အဆိုပါဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခင်နှစ်က ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၃၂ သန်း ကျော်၊ တန်ဖိုး ကန်ဒေါ်လာ ၈၈၆ သန်းကျော် တင်ပို့ခဲ့ကြောင်း၊ ၂၀၁၈–၁၉ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆၄ သန်းကျော်၊ ကန်ဒေါ်လာ တစ်ဘီလျံကျော် ရရှိထားခြင်းကြောင့် တန်ချိန်သုံးသိန်းကျော်၊ ကန်ဒေါ်လာ သန်း ၁၄၀ ကျော် ပိုမိုရရှိထားကြောင်း သိရသည်။ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက “အဓိက အရေးကြီးဆုံးက ပဲလိုအပ်ချက်ရှိဖို့ပါပဲ။ ပဲက အိန္ဒိယတစ်ခုတည်းဝယ်တာ မဟုတ်တဲ့အတွက် တခြားနိုင်ငံတွေကတော့ အဝယ်ရှိနေဦးမှာပဲ။ ဒါပေမယ့် အိန္ဒိယကလည်း ထပ်ပြီးတော့ လိုအပ်ချက်ရှိလာခဲ့ ရင်တော့ တခြားနည်းတွေနဲ့ ဝယ်တာလည်းမြင်ရဦးမှာပါ”ဟု ပြောသည်။ ယခင်ဘဏ္ဍာနှစ်က ပဲတီစိမ်းတန်ချိန် သုံးသိန်းခွဲကျော်၊ ကန်ဒေါ်လာ သန်း ၂၇၀ ကျော်ရရှိထားပြီး ၂၀၁၈–၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၇၀၀၀၀ ကျော်၊ ကန်ဒေါ်လာ သန်း ၃၄၀ ကျော် ရရှိခဲ့ခြင်းကြောင့် ယခင်နှစ်ထက် ကန်ဒေါ်လာ သန်း ၇၀ ကျော် ပိုမိုရရှိခဲ့သည်။ ၂၀၁၈–၁၉ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံ တန်ချိန် ၁၈၀၀၀၀ ကျော် တင်ပို့ထားကြောင်း၊ ထို့ကြောင့် ၂၀၁၇–၂၀၁၈ ဘဏ္ဍာ နှစ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၇၀၀၀၀ ကျော် လျော့နည်းရရှိထားကြောင်း သိရသည်။

ပဲစင်းငုံ ပြည်ပတင်ပို့မှု၏ ၉၁ ရာခိုင်နှုန်းကျော်နှင့် ပဲတီစိမ်းတင်ပို့မှု၏ ရှစ်ရာခိုင်နှုန်းသည် အိန္ဒိယနိုင်ငံသို့ တင်ပို့နေခြင်းဖြစ်သည်။ ၂၀၁၈– ၁၉ ဘဏ္ဍာနှစ်တွင် ပဲတီစိမ်းတန်ချိန် ၄၇၀၀၀၀ ကျော်၊ မတ်ပဲတန်ချိန် ခြောက်သိန်းကျော်၊ ပဲစင်းငုံ

တန်ချိန် ၁၈၀၀၀၀ ကျော်၊ ကုလားပဲတန် ချိန် ၇၀၀၀၀ ကျော်၊ မြေပဲဆန် တန်ချိန် ၇၀၀၀၀ ကျော်၊ ပဲလွမ်းဖြူ တန်ချိန် ၅၅၀၀၀ ကျော်၊ မြေထောက်ပဲတန်ချိန် ၂၇၀၀၀ ကျော်၊ ထောပတ်ပဲတန်ချိန် ၂၄၀၀၀ ကျော်၊ ပဲယဉ်း တန်ချိန် ၂၄၀၀၀ ကျော်၊ ဗိုလ်ကိတ်ပဲ တန်ချိန် ၁၃၀၀၀ ကျော်စသည်ဖြင့် အသီးသီးတင်ပို့ထားသည်။ မန္တလေးရှိ ဇရာမြေလပ်ပွဲရုံပိုင်ရှင်ဦးကျော်ခန့်က ဘဏ္ဍာနှစ်အလိုက် မြေထောက်ပဲတင်ပို့မှုနှုန်းက တက်လာတယ်။ မြေထောက်ပဲက လာမယ့်လတွေမှာ စိုက်မှာဆိုတော့ ဈေးကွက်မှာ လက်ကျန်ပြတ်လာတာပေါ့။ ပြည်တွင်းထွက်ရှိနှုန်းနည်းလို့ ပြည်ပကို လိုသလောက်မပို့နိုင်သေးဘူးဟု ပြောသည်။

**Source:** https://www.facebook.com/thefarmermedia/posts/2536950026419168?_

## လက်ရှိဘဏ္ဍာနှစ် နှစ်ပတ်ကျော်တွင် ပြည်ပကုန်သွယ်မှု စုစုပေါင်းဒေါ်လာ ၁ ဒသမ ၆ ဘီလျံနီးပါးရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၂၈၀ ကျော်လျော့ကျ



လက်ရှိဘဏ္ဍာနှစ် နှစ်ပတ်ကျော်တွင် ပြည်ပကုန်သွယ်မှု စုစုပေါင်း ဒေါ်လာ ၁ ဒသ မ ၆ ဘီလျံနီးပါးရရှိထားပြီး ယခင်နှစ် ကာလ တူထက် ဒေါ်လာသန်း ၂၈၀ ကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်စာရင်းများအရ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တို ဘာ ၁ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံအနေဖြင့် ပြည်ပကုန်သွယ်မှု ပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉၇ ဘီလျံ ရရှိထားသည်။ ယခင်နှစ် ကာလတူတွင်မူ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈၂ ဘီလျံအထိ ရရှိထားသည်။

ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် နှစ်ပတ်အတွင်း ပြည်ပကုန်သွယ်မှု စုစုပေါင်းပမာဏသည် ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၂၈၄ ဒသမ ၂၃၃ သန်းအထိ ပိုမိုရရှိခဲ့သည်။

**Source:** https://news-eleven.com/article/142753

## ဆောင်းကာလ ဥစိုက်ကြက်သွန်နီများ စိုက်ပျိုးချိန် မင်းဘူးဒေသတွင် လုပ်သားရှားပါးမှု ကြုံတွေ့ကြရ



မကွေးတိုင်းဒေသကြီး မင်းဘူးဒေသတွင် ဆောင်းကာလ ကြက်သွန်နီစိုက်ပျိုးချိန်၌ လုပ်သားရှားပါးမှုများ ကြုံတွေ့နေရကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။ မင်းဘူးဒေသရှိ ကျောက်တန်း၊ ရေမျက်၊ ပေါက်ပင်တွင်း၊ ရေတွင်းကုန်းကျေးရွာတို့တွင် ယခုလို ဆောင်းကာလ၌ ကြက်သွန်ကို ဆားပွတ်ချောင်းပြင်တွင် စိုက်ပျိုးကြသလို ကုန်းပေါ်၌လည်း ရေသွင်းစိုက်ပျိုးကြကြောင်း သိရသည်။

ကျွန်တော်တို့ဒေသမှာ ကြက်သွန်နီကို ဆောင်းကာလမှာ နှစ်ကြိမ် စိုက်ပျိုးကြတယ်။ နိုဝင်ဘာလထဲမှာ စိုက်ပျိုးတာက ရောင်းဖို့ အတွက်စိုက်တာဖြစ်ပြီး အခုလပိုင်းစိုက်ပျိုးတာက မျိုးအတွက်စိုက်တာဖြစ်ပါတယ်။ အခုလိုစိုက်ပျိုးချိန်တွေမှာ အလုပ်သမားလိုအပ်ချက်ရှိပေမယ့် ကျေးရွာတွေမှာ လုပ်သားရှားပါးနေပါတယ်။ အလုပ်သမားတစ်ဦးကို နေ့တွက်ခ ကျပ် ၅၄၀၀၀ လောက်ပေးတာတောင်လုပ်မယ့် သူရှားနေတယ်။ ရွာမှာရှိတဲ့ လုပ်နိုင်တဲ့သူတွေက ထိုင်းနိုင်ငံသွားပြီး အလုပ်လုပ်တဲ့ သူများနေတော့ အခုလို စိုက်ချိန်၊ ပျိုးချိန်တွေဆို အလုပ်သမားအခက်အခဲတွေ့ကြုံနေရတယ်ဟု မင်းဘူးမြို့နယ် ရေမျက်ကျေးရွာမှ ကြက်သွန် စိုက်တောင်သူ ကိုကျော်ဝင်းထွန်းကပြောဆို သည်။ ဒေသမှာ ဥစိုက်ကြက်သွန်စိုက်ကြတာ များတယ်။ ချောင်းပြင်မှာ စိုက်ကြသလို ကုန်း ပေါ်မှာလည်းစိုက်ကြတယ်။ ကြက်သွန်ကို ၃ ပေ _ ၁၀ ပေ အရှည်ပေါင်ခွက်တွေနဲ့

စိုက်ကြ တာဆိုတော့ နေ့စဉ် ရေထိုး၊ ရေသွင်းပေးရ တယ်။ မြေဩဇာကျွေးရတယ်၊ အဲဒီ့အတွက် အလုပ်သမားလိုအပ်တယ်၊ ကိုယ် တိုင်လည်း လုပ်နေရတယ်။ ဥစိုက်တာ မြန်မာ ကြက်သွန်မျိုးတွေပါ။ စိုက်ပျိုးရက်သုံးလရှိရင် ဖော်ပြီးရောင်းချလို့ရပြီ။ ဒီနှစ်မှာ အလုပ်သမား ရှားတဲ့အတွက် စိုက်ကေလျှော့ပြီး စိုက်ပျိုးပါ တယ်ဟု ၎င်းက ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/130263.html

## တရုတ်သို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တစ်သျှူးငှက်ပျော တရားဝင်တင်ပို့ရန် ယခုလအတွင်း လက်မှတ်ရေးထိုးမည်




မြန်မာနိုင်ငံက တစ်သျှူးငှက်ပျောကို နယ်စပ်ကုန်သွယ်လမ်းကြောင်းက တရားဝင်တင်ပို့ရန် တရုတ်နှင့် မြန်မာနိုင်ငံက ပညာရှင်များ တွေ့ဆုံ ဆွေးနွေး၍ ယခုလအတွင်း လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ အဓိကပိုးမွှားရောဂါ ကင်းရှင်း အခြေအနေကို တရုတ်ဘက်က ပညာရှင်တွေနဲ့ ကိုယ်တိုင်ကိုယ်ကျ လာစစ်ဆေး တာပေါ့။ ပြီးတော့မှ စာချုပ်ချုပ်မှာပေါ့ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ ကချင်ပြည်နယ်တွင်၂၀၁၁ ခုနှစ် ကတည်းက တစ်သျှူးငှက်ပျောများကို တရုတ်နိုင်ငံသို့ တန်ချိန်ငါးသောင်းကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ငါးသန်းကျော် ရရှိခဲ့သော်လည်း ၎င်းအချိန်ကတရုတ်က တရားမဝင်သာ ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ လက်ရှိတွင် တစ်သျှူးငှက်ပျောတစ် တန်လျှင် ကျပ်ခြောက်သိန်းကျော် ဈေးပေါက်ပြီး ၂၀၁၈ ခုနှစ်က တန်ချိန် ၂၆၀၀၀၀ ကျော် တင်ပို့ကာ အမေရိကန်ဒေါ်လာ ၈၃ သန်းကျော်ရရှိခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် တစ်သျှူးငှက်ပျော စိုက်ပျိုးထုတ်လုပ်မှုမှာ ၁၀ နှစ်ခန့်ရှိပြီဖြစ်ပြီး နယ်စပ်လမ်းကြောင်းက တရုတ်သို့ တင်ပို့နေသော်လည်း တရုတ်ကုမ္ပဏီများက တရားမဝင် လာရောက်လုပ်ကိုင်ခြင်း၊ တရားမဝင်စိုက်၍ အခွန်မရခြင်း၊ ပြင်းထန်သော ဓာတုဆေးနှင့်ပိုးသတ်ဆေးများ အသုံးပြုခြင်းကြောင့် မြေဆီလွှာနှင့် သဘာဝ ပတ်ဝန်းကျင်ပျက်စီးခြင်း၊ ကိုင်တွယ်သုံးစွဲနေရသည့်လုပ်သားများ အသက်ရှူကျပ်ရောဂါနှင့် အရေပြားထိခိုက်ခြင်း၊ ဒေသခံအလုပ်သမားထံမှ လုပ်အားခခေါင်းပုံဖြတ်ခြင်း စသည်တို့ကြောင့် ကချင်ပြည်နယ်ရှိ ဒေသအများစုတွင် ဒေသခံများက ဝေဖန်လျက်ရှိသည်။ အလားတူ ကသာနှင့်မဘိမ်းမြို့နယ်တို့တွင် တရုတ်များပါဝင်ပတ်သက်နေသည့် စိုက်ပျိုးရေးကုမ္ပဏီ များကို စနစ်တကျထိန်းချုပ်ပေးရန် ဒေသခံတောင်သူများက ဆန္ဒထုတ်ဖော်တောင်းဆိုမှုများလည်းဖြစ်ပေါ်ခဲ့သည်။

လက်ရှိတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့က ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်အခွန်ရရှိရေးအတွက် တရားဝင်စိုက်ပျိုးမည် ဆိုပါက တစ်သျှူးငှက်ပျောစိုက်ခင်းများခွင့်ပြုပေးရန် စီစဉ်ဆောင်ရွက်နေသည်။ တရုတ်ကုမ္ပဏီနဲ့ဒေသခံကုမ္ပဏီတွေကို ခေါ်ပြီး တော့ တရားဝင်ဆောင်ရွက်ဖို့လုပ်မှာပါ။ ဒါမှ ကျွန်တော်တို့နိုင်ငံလည်းအခွန်အခရမယ်။ တချို့စိုက်တဲ့နေရာတွေက ပြည်သူ့စစ် ဘာညာနဲ့လုံခြုံရေးမရှိလို့ မသွားနိုင်တဲ့နေရာတွေမှာ စိုက်ပျိုးထားတာမျိုးရှိတဲ့အတွက် နည်းနည်းအခက်အခဲရှိတယ်ဟု ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဇူလိုင်လအတွင်းက မြန်မာတောင်သူကြီးများဂျာနယ်သို့ ပြောကြားထား သည်။ စိုက်ကေအနေနဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်လောက်က ကောက်ထားတဲ့စာရင်းအရတော့ ၆၃၆၆၈ ဧက စိုက်ပျိုး ထားတယ်လို့ ကျွန်တော်တို့သိရပါတယ်ဟု ကချင်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြောသည်။ တစ်သျှူးငှက်ပျောကို ကချင်ပြည်နယ်ရှိ ဝိုင်းမော်၊ ဗန်းမော်၊ မိုးမောက်၊ ဒေါ့ဖုန်းယန်းမြို့နယ် တို့တွင် အများအပြား စိုက်ပျိုးထားပြီး ယခုအချိန်တွင် စိုက်ကေမည်မျှရှိသည်ကို အစိုးရက စာရင်းကောက်ယူထားခြင်း မရှိသေးပေ။ သို့သော်ဒေသခံ များကမူ ဧကသိန်းချီရှိနေကြောင်းပြောသည်။ ၂၀၁၉ ခုနှစ် ဇွန်လက ဝိုင်းမော်မြို့နယ်ရှိ သစ်တောဦးစီးဌာနပိုင်ဧရိယာ၌ တရားမဝင်စိုက်ပျိုးထားသော တစ်သျှူးငှက်ပျောစိုက်ခင်းဧက ၅၀၀၀ ကျော်ကို သစ်တောဦးစီးဌာနက ယာဉ်ယန္တရားများဖြင့် ဖျက်ဆီးခဲ့ရဖူးသည်။

**မြန်မာတောင်သူကြီးများ ဂျာနယ်**

**Source:** http://htwettoe.com/article-details/news/8151830

## လိုအပ်သည့်မြေယာ မစီစဉ်ပေးနိုင်သေး၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အခြားနိုင်ငံများကိုရွေးချယ်နေဟု ရန်ကုန်တိုင်းဝန်ကြီးပြော

အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လာရောက်လိုသော်လည်း လိုအပ်သည့်မြေယာကို မစီစဉ် ပေးနိုင်သေး၍ အခြားနိုင်ငံများကို ရွေးချယ်နေသည်ဟု ရန်ကုန်တိုင်း ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဇ္ဇာမျိုးက ပြောကြားသည်။ ရင်းနှီးမြှုပ်နှံသူများသည် စက်မှုဇုန်များပြောင်းရွှေ့မှုကို သုံးလအတွင်း ဆောင်ရွက်လိုသော်လည်း မြန်မာနိုင်ငံတွင် သဘောတူညီမှုအဆင့်ဆင့်ဖြတ်သန်းရာ၍ အနည်းဆုံးခြောက်လ ကြာမြင့်နေသည်ဟု ၎င်းကဆိုသည်။ ၎င်းတို့ပြောင်းရွှေ့လိုသည့် စက်မှုဇုန်များသည် အနည်းဆုံးမြေဧက ၅၀ မှ ၁၀၀ အထိဖြစ်ပြီး ရန်ကုန်တိုင်း၌ လက်ရှိစက်မှုဇုန် ၂၉ ခုတွင် တစ်ဧကကွက်အများဆုံးသာဖြစ်၍ နေရာပေးရန်အဆင်မပြေကြောင်း ဝန်ကြီးက ပြောသည်။ ဧက ၅၀ နဲ့ ၁၀၀ ဆိုရင် တစုတစည်းတည်းမရှိဘူး။ တစုတစည်းတည်းဆိုရင် အဆင့်ဆင့်၊ ပြည်သူ့သဘောတူမှု၊ လွှတ်တော်သဘောတူမှု၊ ပြည်ထောင်စုအစိုးရသဘောတူမှုရမယ်။ အဲဒီအဆင့်တွေက ခြောက်လအနည်းဆုံးကြာမယ်ဟု နော်ပန်းသဇ္ဇာမျိုးကဆိုသည်။ ထိုသို့မဆောင်ရွက်ပေးနိုင် ခြင်းကြောင့် လုပ်ငန်းရှင်များသည် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီး ယား၊ ထိုင်းနှင့်မလေးရှားနိုင်ငံတို့ ကို အစားထိုးရွေးချယ်နေသည်ဟုဆိုသည်။

လက်ရှိအစိုးရ လက်ထက်တွင် ပြည်သူနှင့်လွှတ်တော်ကို အသိမပေးဘဲ အလျင်အမြန် အကောင် အထည်ဖော်ခြင်းမဆောင်ရွက်လိုဟု ၎င်းကပြောသည်။ ထိုပြဿနာများ ဖြေရှင်းရန် လက်ရှိတွင် လှည်းကူးနှင့် ထန်းတပင်ရှိ ဒေါ်လာသန်း ၂၀၀ နှင့် ၃၈၀ တန် စက်မှုဇုန်နှစ်ခုကို အကောင်အထည်ဖော်နေပြီး မကြာမီ သန်လျင်နှင့်ကျောက်တန်း၌ ထပ်မံဖော်ဆောင်ရန်စီစဉ်နေသည်ဟု ဝန်ကြီးကပြောသည်။ ရန်ကုန်တိုင်းအစိုးရက ရင်းနှီးမြှုပ်နှံသူများကို မြေနေရာစီစဉ်ပေးရန်ရည်ရွယ်၍ ရန်ကုန်မြို့ပြင်ပမြို့နယ် ၁၁ ခုတွင် စက်မှုဇုန်များ အကောင်အထည်ဖော်နေသည်။

**Source:** https://www.7daydaily.com

## ကျွဲ၊ နွားများ တရားဝင်ရောင်းဝယ်ရန် တရုတ်နှင့် လက်မှတ်ထိုးပြီးမှသာ အရောင်းအဝယ်များ ဆက်လုပ်သင့်




ကျွဲ၊ နွားများ တရားဝင်ရောင်းဝယ်ရန် တရုတ်နှင့် နှစ်နိုင်ငံသဘောတူလက်မှတ်ထိုးပြီးမှသာ အရောင်းအဝယ်များ ဆက်လုပ်ပြုလုပ်သင့်ကြောင်း မန္တလေးတိုင်းဒေသကြီး၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်မောင်စိုးကအကြံပြုသည်။ လက်ရှိတွင် မြန်မာနိုင်ငံက ကျွဲ၊ နွားများကို တရုတ်နိုင်ငံက ကုန်သည်များက တရားဝင် ဝယ်ယူလိုခြင်းမရှိဘဲ ဈေးနှုန်းလျှော့ချကာ ဝယ်ယူနေခြင်းဖြစ်ရာ ၎င်းတို့၏ ဈေးနှုန်းထိန်းချုပ်ဝယ်ယူမှုကို ရှောင်ရှားနိုင်ရန်

နှစ်နိုင်ငံတရားဝင်ဖြစ်လာမှသာ အရောင်းအဝယ်လုပ်သင့်ကြောင်း ဦးခင်မောင်စိုးကပြောသည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာရှိတဲ့ ကျွဲ၊ နွားတွေကို ဝယ်ယူချင်တယ်။ ဒါပေမယ့် ဈေးမတက်အောင်လည်း ထိန်းဝယ်ကြတယ်။ ဘယ်လောက်အထိလိုချင်လဲဆိုရင် တရုတ်ကုန်သည်တွေက မန္တလေးအထိ ဆင်းဝယ်လာတယ်။ ဒါပေမယ့် ဈေးမတက်အောင် ထိန်းဝယ်ကြတယ်။ ပြည်တွင်းမွေး မြူသူတွေအနေနဲ့ ဈေးကောင်းရအောင် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ ရေးထိုးပြီး တရားဝင်ရောင်းချရင် ဒီထက်ပိုဈေး ကောင်းရမှာဖြစ်ပါတယ်ဟု ၎င်းကပြောသည်။ တရုတ်ကုန်သည်များ ကိုယ်တိုင်လာရောက်ဝယ်ယူသည့်အပြင် ၎င်းတို့ထောက် ပံ့ပေးထားသော ပြည်တွင်းကုန်သည်များက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျွဲ၊ နွားဈေးများက ဝယ်ယူလျက်ရှိကြောင်းသိရသည်။ ကျွဲ၊ နွားက ဝယ်ယူမှုရှိတယ်။ ဒါပေမယ့် ဘယ်တော့မှဈေးကွက်က မပြောင်းလဲဘူး။ ဘာကြောင့်လဲဆိုတော့ တရုတ်ကုန်သည်တွေက ဈေးကွက်ကို ထိန်းချုပ်ပြီးဝယ်ကြတယ်။ ညှိနှိုင်းပြီးဝယ်ယူကြတဲ့အတွက် ဈေးမတက်တော့တာဖြစ်ပါတယ်။ ပြည်တွင်းကလည်း ရောင်းချင်တာကိုပဲ ဦးစားပေးနေရတော့ အနည်းငယ်လောက်ကိုက်တဲ့ဈေးရတာနဲ့ ရောင်းချနေကြရပါတယ်ဟု၎င်းက ဆက်လက်ပြောသည်။ လက်ရှိတွင် ပြည်တွင်းက ကျွဲ၊ နွားများကို တရားဝင်တင်ပို့နေသော်လည်းတရုတ်နိုင်ငံက တရားဝင်မဟုတ်ခြင်းကြောင့် ဖမ်းဆီးခံရခြင်း၊ ဝယ်ယူလိုသည့်သူများနှင့် တိုက်ရိုက်တွေ့ဆုံကာ ရောင်းချနိုင်ခြင်းမရှိဘဲ ကြားပွဲစားကတစ်ဆင့် ရောင်းဝယ်နေရခြင်း၊ ဈေးနှုန်းများမှာလည်း တရုတ်ကုန်သည်များကဖြတ်သော ဈေးအတိုင်း ရောင်းချနေရခြင်းတို့ကြောင့် မွေးမြူသူများ အဆင်ပြေမှုမရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/thefarmermedia/

## STOCK EXCHANGE (31.10.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 31st Oct. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 1,210 | 14,023,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | +0 | +0.00% | 3,950 | 4,000 | 3,950 | 5,951 | 23,556,500 | 38,929,150 | 153,770 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,400 | 8,400 | 8,300 | 86 | 718,800 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | -500 | -2.13% | 23,500 | 23,500 | 23,000 | 29 | 669,000 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |

## Market summary

As of 31st Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 482.56 | +8.24 | +1.74% | 474.32 | 484.22 | 474.32 | 7,276 | 38,967,300 | 5 | 660,778 |

### Index chart




# Market Overview

As of 1:00 pm, 31st Oct. 2019

| MYANPIX | 482.56 ▲ 8.24 |
|---|---|
| Total Volume (shares) | 7,276 |
| Total Value (MMK) | 39 mil |
| Listed Company | 5 |
| Market Cap. (MMK) | 660,778 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,300 | ▼ 100 |
| FPB | 00004 | 23,000 | ▼ 500 |
| TMH | 00005 | 3,000 | ▲ 0 |